ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

အမိန့်ကြော်ငြာစာအမှတ်၊ ၁ / ၂၀၁၇

( ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် )

( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် )

မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီသည် ၂၀၁၈ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ်သတ်မှတ်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**၂၀၁၈ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ် တင်သွင်းခြင်းတွင်ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာ**

၁။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ ၂၀၁၈ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ်အား အောက်ဖော်ပြပါအတိုင်း သတ်မှတ်လိုက်သည် -

(က) **ယာဉ်အိုယာဉ်ဟောင်းအစီအစဉ် ( Consignment စနစ်အပါအဝင် )**

(၁) လူစီးမော်တော်ယာဉ်များ ( ၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ အပါအဝင်) ၂၀၁၄ ခုနှစ်မှ ၂၀၁၈ခုနှစ်အတွင်း ( ဘယ်မောင်း )

(၂) ကုန်တင်ယာဉ်များ- ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ( ဘယ်မောင်း )

(၃) ခရီးသည်တင်ယာဉ်များ( Mini Bus/ City Bus/ Express Bus)- ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ( ဘယ်မောင်း )

( ခ ) **လူပုဂ္ဂိုလ်တစ်ဦးချင်းအစီအစဉ်**

(၁) လူစီးမော်တော်ယာဉ်များ ( ၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ အပါအဝင်) - ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ( ဘယ်မောင်း )

(၂) ကုန်တင်ယာဉ်များ -၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း( ဘယ်မောင်း )

(၃) ခရီးသည်တင်ယာဉ်များ( Mini Bus / City Bus / Express Bus) - ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း( ဘယ်မောင်း )

( ဂ ) **ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားမှု (FOC စနစ်ဖြင့်ပြည်ပမှ လှူဒါန်းသည့် မော်တော်ယာဉ်ပါမစ်လျှောက်ထားမှုအပါအဝင် )**

(၁) လူစီးမော်တော်ယာဉ်များ- ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း( ဘယ်မောင်း )

(၂) လုပ်ငန်းသုံးယာဉ်များ - ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း( ဘယ်မောင်း )

(၃) ယန္တရားများ - ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း

(၄) မီးသတ်ယာဉ် - ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း( ဘယ်မောင်း )

(၅) လူနာတင်ယာဉ် - ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း( ဘယ်မောင်း )

(၆) နိဗ္ဗာန်ယာဉ် - ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း( ဘယ်မောင်း )

(၇) သာသနာရေးဆိုင်ရာယာဉ်များ - ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၈) ခရီးသည်တင်ယာဉ်များ( Mini Bus / City Bus / Express Bus) (၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း) (ဘယ်မောင်း)

(ဃ) **အစိုးရဌာနများမှ မော်တော်ယာဉ်လျှောက်ထားမှု**

(၁) လူစီးမော်တော်ယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း(ဘယ်မောင်း)

(၂) လုပ်ငန်းသုံးယာဉ်များ- ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း(ဘယ်မောင်း)

(၃) ယန္တရားများ - ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း

(၄) ခရီးသည်တင်ယာဉ်များ( Mini Bus / City Bus / Express Bus) (၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း) (ဘယ်မောင်း)

**မှတ်ချက်။** (က) နိုင်ငံတော်အတွက်လှူဒါန်းသည့်မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ လျှောက်ထားရာတွင် ၂၀၀၄ ခုနှစ်မော်ဒယ်အထိသာ လက်ခံဆောင်ရွက်ပေးပါမည်။

(ခ) အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း မရှိသည့် Excavator ၊ Bulldozer ၊Wheel Loader ၊ Vibratory Roller ၊ Clamp Loader ၊ Motor Grader ၊ Road Roller Compactor ၊ Bridge Crane ၊ Gantry Crane ၊ Tower Crane ၊ Pilling Machine ၊ Crawler Drill / Crane ၊ Overhead Travelling Crane ၊ Mobile Crane ၊ Rough - Terrain Crane ၊ Forklift ၊ Boom Lift ၊ Asphalt Finisher ( ကတ္တရာခင်းစက် ) စသည့် လုပ်ငန်းသုံးယန္တရားများအား လွန်ခဲ့သော ( ၁၅ )နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ်များအဖြစ် တင်သွင်းခွင့်ပြုပါမည်။

(ဂ) နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများမှဝယ်ယူခြင်းအတွက် အထက်အပိုဒ်(၁)၊ (က)နှင့်(ခ) ပါ သတ်မှတ်ချက်အတိုင်းအရောင်းစင်တာ/ အရောင်းပြခန်းမှ ဝယ်ယူခွင့်ပြုပါမည်။

(ပုံ)

ဒေါက်တာသန်းမြင့်

ဥက္ကဋ္ဌ

မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော

လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ် ၊ စက - ၁၁/၂ -၁၈ / ၂၀၁၇ ( ၅ )

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်